**၂၀၁၉ ခုနှစ်၊ မေလ (၂၁) ရက်၊ (၁၄:၀၀)နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ချင်းတွင်း ရိပ်သာ(၂)၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub– National Coordination Unit– SNU) ၏ ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း**

**တက်ရောက်သူများ**

| | |
|---|---|
| ဦးလာလ်ထောင်ထန်း | နာယက (ဝန်ကြီး၊ ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**အတွင်းရေးမှူးအဖွဲ့မှ တက်ရောက်သူများ**

| | |
|---|---|
| ဦးတင်မောင်ဆွေ | အတွင်းရေးမှူး၊ အစိုးရကဏ္ဍ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ဦးငွေလင်း | အတွင်းရေးမှူး၊ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ<br>တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ကျွန်းလှမြို့နယ် |
| ဦးတင်ရွှေ | အတွင်းရေးမှူး၊ ပုဂ္ဂလိကကဏ္ဍ<br>အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် |

**အစိုးရကဏ္ဍမှတက်ရောက်သည့် ကိုယ်စားလှယ်များ**

| | |
|---|---|
| ဦးဝင်းအောင်ညို | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန |
| ဦးသန်းစိုး | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန |
| ဦးသိန်းဌေး | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| ဦးအောင်နိုင် | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသတ္တုတွင်းဦးစီးဌာန |
| ဦးလင်းထင် | ဒုတိယအထွေထွေမန်နေဂျာ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း |
| ဦးကျော်စိုး | ဒုတိုင်းဦးစီးမှူး၊ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ဒေါ်နီနီလှိုင် | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ |
| ဦးထွန်းဝေ | လက်ထောက်အထွေထွေမန်နေဂျာ<br>ကျောက်စိမ်းတူးဖော်ရေးဌာန၊ စခန်းရုံး၊ ခန္တီးမြို့ |
| ဦးကျော်ဦး | တိုင်းရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း |
| ဦးဝင်းနိုင်စိုး | ဦးစီးအရာရှိ၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |

**အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှတက်ရောက်သူများ**

| | |
|---|---|
| ဦးဘုန်းခန့်ဇော် | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ဟုမ္မလင်းမြို့နယ် |
| ဦးတင့်အောင်စိုး | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ဆားလင်းကြီးမြို့နယ် |
| ဦးမာန်ဇာမြေမွန် | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ချောင်းဦးမြို့နယ် |

| | |
|---|---|
| ဦးထွန်းအောင်ကျော် | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ထီးချိုင့်မြို့နယ် |
| ဦးစိုးစိုးဝင်း | တိုင်းအလုပ်အဖွဲ့ဝင် ၊ MATA, ဖောင်းပြင်မြို့နယ် |
| ဦးအောင်ဆန်းမြင့် | တိုင်းအလုပ်အဖွဲ့ဝင် ၊ MATA, ခန္တီးမြို့နယ် |
| ဒေါ်သွဲ့သွဲ့ဝင်း | တိုင်းအလုပ်အဖွဲ့ဝင် ၊ MATA, ဆားလင်းကြီးမြို့နယ် |

**ပုဂ္ဂလိက ကဏ္ဍမှတက်ရောက်သည့် ကိုယ်စားလှယ်များ**

| | |
|---|---|
| ဦးကျော်သူရ | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်း |
| ဦးဇေလွှမ်း | ထုတ်လုပ်မှုဒါရိုက်တာ၊ ရွှေတောင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် |
| ဦးသန့်ဇင်ဦး | ဒါရိုက်တာ၊ ရတနာအလုံမင်းကုမ္ပဏီလီမိတက် |

**မတက်ရောက်နိုင်သူများ**

| | |
|---|---|
| ဦးကျော်ငြိမ်း | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး |
| ဦးဇော်မျိုး | တာဝန်ခံအရာရှိ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း |
| ဦးကျော်သက်ဝင်း | တိုင်းအလုပ်အဖွဲ့ဝင်၊ MATA, ကလေးမြို့နယ် |
| ဦးမင်းမင်းထွန်း | တိုင်းအလုပ်အဖွဲ့ဝင်၊ MATA, ဝန်းသိုမြို့နယ် |
| ဦးမောင်လတ် | ဒါရိုက်တာ၊ တာဝရကုမ္ပဏီလီမိတက် |
| ဦးနှင်းဝေ | ဒုဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း |
| ဦးအောင်ညိုဦး | မန်နေးဂျင်းဒါရိုက်တာ၊ ချင်းတွင်းအားမာန်ကုမ္ပဏီလီမိတက် |
| ဦးဇော်ထွန်း | မန်နေးဂျင်းဒါရိုက်တာ၊ ဂိုလ်းဒင်းဇော်ကုမ္ပဏီလီမိတက် |
| ဦးတင်ဇော်ဝင်း | မန်နေဂျာ၊ ထက်ရည်လင်းကုမ္ပဏီလီမိတက် |
| ဦးခင်မောင်မြင့် | အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် |

**ဖိတ်ကြား၍တက်ရောက်သူများ**

| | |
|---|---|
| ဦးကျော်သင်းမောင် | Program Assistant, မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး |
| ဒေါ်ထက်နန္ဒာအောင် | Communication Officer, မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး |

**ရည်ရွယ်ချက်**

၁။ ကဏ္ဍအလိုက် ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးအဆင့်လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub– National Coordination Unit– SNU) အစည်းအဝေး**တွင် ဆွေးနွေး ညှိနှိုင်းရန်။**

**အဖွင့်အမှာစကားပြောကြားခြင်း**

၂။ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ နာယက (ဝန်ကြီး၊ ချင်းတိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့) က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ **(Sub–National Coordination Unit– SNU)** ၏ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး(National Coordination Secretariat–NCS)မှကိုယ်စားလှယ်များ၊ အစိုးရကဏ္ဍအရပ်ဘက် အဖွဲ့အစည်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အတွင်းရေးမှူးများ၊ ကိုယ်စားလှယ်များ၊ အရန်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါဟု ဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ တိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက် ရေးအဖွဲ့အနေဖြင့် အစည်းအဝေးများကို ပုံမှန်ကျင်းပဆောင်ရွက်လိုသော်လည်း တိုင်းဒေသကြီး၏ ဧရိယာ ကျယ်ဝန်းသည်နှင့်အမျှ လုံခြုံရေးကိစ္စရပ်များ၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများမှာ လွန်စွာ များပြားပါသဖြင့် မအားလပ်ကြသည့်အတွက် ယခုမှသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ အနေဖြင့် သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးသည်လည်း ကျောက် စိမ်း၊ ပယင်း၊ ရွှေ၊ ကြေးနီ၊ ကျောက်မီးသွေး၊ ခရိုမိုက်၊ ထုံးကျောက်၊ မြေဖြူ၊ ရေနံ၊ ကျွန်း၊ သစ်မာမျိုးစုံ စသည်ဖြင့် သယံဇာတမျိုးစုံထွက်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပါကြောင်း၊ **“ နိုင်ငံတော်၏ သဘာဝသယံ ဇာတအရင်းအမြစ်များဖြစ်တဲ့ သစ်တောနှင့် သတ္တုသယံဇာတ၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့်ဂေဟစနစ် များကို လက်ရှိနှင့် အနာဂတ်နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ် ကိုင်သွားရန် ”** ဆိုသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ရေရှည်မျှော်မှန်း ချက်များနဲ့အညီ သစ်တောကဏ္ဍတွင် များများထိန်း၊ များများစိုက်၊ နည်းနည်းထုတ်၊ ပတ်ဝန်းကျင်ကို ဂရုစိုက်၊ ဒေသခံများများပါဝင်၊ တန်ဘိုးမြှင့်အချောထည်များများထုတ် စသည်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် များများရှာဖွေ၊ သင့်တင့်ထုတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်အောင်လုပ်၊ ဒေသဖွံ့ဖြိုးရေးများများလုပ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဦးစားပေး စသည်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊နိုင်ငံတော်အနေဖြင့် သယံဇာတမျိုးစုံ ပေါကြွယ်ဝသည်နှင့်အညီ စနစ်တကျ ထုတ်ယူသုံးစွဲနိုင်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သယံဇာတတူးဖော်ထုတ်လုပ်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများနဲ့အညီ ကြီးကြပ်ဆောင်ရွက်ပြီး ရရှိလာသည့် အခွန်အခများကိုလည်း အများ ပြည်သူအကျိုးအတွက် ကောင်းမွန်စွာစီမံခန့်ခွဲနိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပိုမိုကောင်းမွန်သည့် သယံဇာတစီမံအုပ်ချုပ်မှုတစ်ရပ်ဖြစ်လာစေရန် အဘက်ဘက်မှ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊

အရပ်ဘက်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာလည်း အထူးလိုအပ်လှပါကြောင်း၊ ယနေ့တက်ရောက်လာကြသည့် ကဏ္ဍအလိုက် ကိုယ်စားလှယ်များအနေဖြင့် ရည်မှန်းချက်ကို ရောက်ရှိအောင် ဆက်လက်ပါဝင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် EITI အဖွဲ့ဝင် နိုင်ငံဖြစ်စေရေး ဆောင်ရွက်ရာတွင် သယံဇာတမှရရှိသည့် အကျိုးစီးပွားများကို နိုင်ငံသူနိုင်ငံသားအားလုံး အကျိုးရှိရှိ ခံစားကြနိုင်စေရန်အတွက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းတွင် အခြေခံစိတ်ဓာတ်များ မြင့်မားနေကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် MEITI 2016 စံနှုန်းများနဲ့အညီ သုံးပွင့်ဆိုင်ဆွေးနွေးဆောင် ရွက်ရသည့်လုပ်ငန်းစဉ်မှာ မိမိတို့အတွက် အလွန်အရေးကြီးပြီး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းစဉ် EITI မှာ အခြေခံမှုများကို ရှင်းလင်းစွာ ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ သယံဇာတနှင့်ပတ်သက်၍ လိုင်စင်ချထားပေးမှု၊ ထုတ်လုပ်မှု၊ အခွန်အခကောက်ခံမှု၊ ခွဲဝေသုံးစွဲမှု၊ လူမှုစီးပွားရေးထည့်ဝင်မှု စသည့်သယံဇာတတန်ဖိုး ကွင်းဆက်တစ်ခုလုံးအနေဖြင့် စီမံအုပ်ချုပ်မှုတိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် EITI အစီရင်ခံစာပါအချက်အလက်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်ပြီး ဆွေးနွေးငြင်းခုန်ခြင်း၊ ဝေဖန်အကြံပြုခြင်းများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လာကြစေရန် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ သို့မှသာ EITI အစီရင်ခံစာများ ပြုစုရခြင်းရခြင်း၏ တကယ့်အနှစ်သာရဖြစ်သည့် Report to Reform ကို သွားနိုင်မည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ထိထိရောက်ရောက်နှင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်စေရန်အတွက် ကိုယ်စားလှယ်များအားလုံးက တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ထိုသို့ဆွေးနွေးဆောင်ရွက်ကြရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း (Coordination)၊ လုပ်ငန်းစီမံခန့်ခွဲမှု (Task Management)၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building)၊ ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း (Networking and Communication) စသည့် SNU ၏ အဓိကလုပ်ငန်းကြီး (၄)ခုအောက်တွင် မိမိတို့ဒေသနှင့်ကိုက်ညီပြီး လက်တွေ့အကျိုးရှိမည့် လုပ်ငန်းစဉ်များဖြစ်အောင် ဆွေးနွေးဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းသဘောသဘာဝမတူညီသည့် သက်ဆိုင်ရာ အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးအတွက် ဘုံရည်မှန်းချက်တစ်ရပ်ကိုနှလုံးသွင်းပြီး အတူတကွ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါကြောင်း ပြောကြားပါသည်။

## ဆွေးနွေးချက်များ

၃။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၏ Communication Officer ဒေါ်ထက်နန္ဒာအောင် က EITI ၏အဓိပ္ပာယ်၊ EITI ဖော်ဆောင်ခြင်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ EITI စံနှုန်းအကျဉ်းချုပ်၊ EITI စံနှုန်း(၂၀၁၉)၊ ဖွဲ့စည်းပုံနှင့် မြန်မာနိုင်ငံ EITI မှတ်တိုင်များ၊ မြန်မာနိုင်ငံတွင် EITI လက်ရှိလုပ်ငန်းစဉ် အကျဉ်းချုပ်၊ SNU များ၏ အခန်းကဏ္ဍအကျဉ်းချုပ်တို့ကို ရှင်းလင်းဆွေးနွေးပါသည်။ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုဖော်ဆောင်ရေး Beneficial Ownership (BO) တွင် ၂၀၁၆ စံနှုန်း (၂.၅) အရ ၂၀၂၀ မတိုင်မီ အဖွဲ့ဝင်နိုင်ငံများသည် BO နှင့်ပတ်သက်သည့် အချက်အလက်များ ထုတ်ပြန်ရန်လိုအပ်ကြောင်း၊ မြန်မာ နိုင်ငံတွင် ထိုလိုအပ်ချက်အတိုင်း အချိန်မီဖော်ဆောင်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဇွန်လ(၃၀)ရက်နေ့တွင် အကျိုး အမြတ် ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း၊ အောက်တိုဘာလ(၃၁)ရက်နေ့တွင် DICA အား Focal Agency အဖြစ်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ ထွက်ရှိရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ဓါတ်သတ္တုလိုင်စင်ချထားခြင်းစနစ် Mining Cadastre တွင် ၂၀၁၆ စံနှုန်း (၂.၅) အရ အဖွဲ့ဝင်နိုင်ငံများသည် Mineral Cadastre (Mining Cadastre) ကို အကောင်အထည် ဖော်ရန် လိုအပ်ကြောင်း၊ ထိုလိုအပ်ချက်အတိုင်း ဖော်ဆောင်နိုင်စေရန် Pre–cadaster Working Group အားဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် " Mineral and Gemstone Licensing Reform Workshop" အား ကျင်းပခဲ့ပြီး လက်ရှိတွင် Phase II အကောင်အထည်ဖော်ဆောင် နိုင်ရန် consultant အား ရွေးချယ်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့များ (Sub–National Coordination Unit – SNU) ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၅)ရက်နေ့တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူး တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများတွင် ဆက်လက်ဖွဲ့စည်း ဆောင်ရွက်နိုင်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ SNU ရည်ရွယ်ချက်များအနေဖြင့် EITI ဆိုင်ရာ အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုသင်တန်းများ အကောင်အထည်ဖော်ရာတွင်အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ပံ့ပိုးကူညီပေးနိုင်ရန်၊ သုံးပွင့်ဆိုင်အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံ ရမည့်အခက်အခဲများကို အတူဖော်ထုတ်ဖြေရှင်းခြင်းနှင့် အငြင်းပွားမှုများမဖြစ်အောင် ကြိုတင်ကာကွယ် ပြင်ဆင်ခြင်းများ အတူလက်တွဲလုပ်ဆောင်ရန်၊ ပြည်ထောင်စုအဆင့်သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ကျင့်ဝတ် များနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာဆောင်ရွက်ရန်၊ ပြည်နယ်/တိုင်းဒေသကြီးအတွင်း သယံ ဇာတတူးဖော်ထုတ်လုပ်နေသည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီများအား ပွင့်လင်းမြင်သာမှု ရှိအောင် တွန်းအားပေးရန်တို့ပင်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

၄။ SNU နာယက၏ လုပ်ငန်းတာဝန်များအနေဖြင့် အစိုးရ၏ MEITI ဦးဆောင်ကော်မတီအပါအဝင် ဝန်ကြီး ဌာနများ၏ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် SNU တို့အကြားပေါင်းကူး ဆက်သွယ်ညှိနှိုင်းဆောင် ရွက်ပေး သူအဖြစ် ဆောင်ရွက်ရန်၊ SNU မှ အတည်ပြုထားသော အစည်းအဝေးမှတ်တမ်းများ၊ ဆုံးဖြတ်ချက် များကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြရန်၊ SNU ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ရန်၊ SNU ၏ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကူညီဆောင်ရွက်ရန် တို့ဖြစ်ပါကြောင်း၊ SNU အတွင်းရေးမှူးများ၏ လုပ်ငန်းတာဝန်များအနေဖြင့် SNU များ၏ အဓိကလုပ်ငန်းစဉ် (၄)ရပ်ကို သက်ဆိုင်ရာ constituency တစ်ခုချင်းစီနှင့် ချိတ်ဆက်အကောင်အထည်ဖော်ရန် (Work Plan ရေးဆွဲခြင်း၊ အစည်းအဝေးမှတ်တမ်းတင်ခြင်း)၊ SNU အဖွဲ့ဝင်များသည် MSG ၏လုပ်ငန်းတာဝန်များ (TOR) အတိုင်း ကဏ္ဍအလိုက် အဓိကလုပ်ငန်းစဉ် (၄) ရပ်အား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ SNU အနေဖြင့် အဓိကလုပ်ငန်းစဉ်(၄)ရပ်ကို သက်ဆိုင်ရာ Constituency တစ်ခုချင်းစီနှင့် ချိတ်ဆက်၍ အကောင်အထည် ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်(၄)ရပ်မှာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း (Coordination)၊ လုပ်ငန်းစီမံခန့်ခွဲမှု (Task Management)၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building)၊ ကွန်ယက် ချိတ်ဆက်ခြင်းနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း(Networking and Communication) တို့ဖြစ်ကြောင်း၊ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အဖွဲ့များ၏ ဖွဲ့စည်းပုံ၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ လုပ်ငန်းအစီအစဉ် များ (Work Plan) ကို ပါဝင်သော ကိုယ်စားလှယ်၊ အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် လုပ်ဆောင်ရန်၊ အဖွဲ့များ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် NCS ၊ MSG တို့နှင့်အတူတကွ ညှိနှိုင်းလုပ် ဆောင်ရန်၊ အဖွဲ့၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် MSG အဖွဲ့ဝင်များနှင့်အတူ လက်တွဲ လုပ်ဆောင်ရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုတွင် အစည်းအဝေးများကို လစဉ်ပုံမှန်ပြုလုပ်ရန်၊ အစည်း အဝေးကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အစည်းအဝေးကို အနည်းဆုံးတစ်ပတ်ကြိုတင်၍ အတွင်းရေးမှူးအဖွဲ့မှတစ်ဆင့် ဖိတ်ကြားရန်၊ အစည်းအဝေး အစီအစဉ်မူကြမ်းအား အတွင်းရေးမှူးအဖွဲ့မှ အဆိုပြုတင်သွင်းပြီး တက်ရောက်သူများနှင့် အစည်းအဝေး မတိုင်မီ အတည်ပြုချက်ရယူရန်၊ အစည်းအဝေးမှတ်တမ်းမူကြမ်းအား (၁)ရက်အတွင်းထုတ်ဝေပြီး တက် ရောက်လာသူများမှ (၃) ရက်အတွင်း အကြံပြုချက်များ ရယူရန်၊ အစည်းအဝေးကို ကိုယ်စားလှယ်များ အားလုံး အဆင်ပြေတက်ရောက်နိုင်မည့် သဘောတူသည့်နေရာတွင် ကျင်းပရန်တို့ဖြစ်ကြောင်း၊ လုပ်ငန်းစီမံ ခန့်ခွဲမှုတွင် လိုအပ်လျှင် လိုအပ်သလို အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်သကဲ့သို့ ကွင်းဆင်း လေ့လာခြင်းများကိုလည်း ပြုလုပ်နိုင်ရန်၊ ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံတက်ရောက်ပါက အစည်းအဝေး အထမြောက်ကြောင်း၊ အစည်းအဝေးကျင်းပရာတွင် MSG ၏ TOR နှင့်အညီ လုပ်ဆောင်ရန်၊ အစည်းအဝေး ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပုံမှန်အားဖြင့် ဆုံးဖြတ်ချက်အားလုံးကို တက်ရောက်သူကိုယ်စားလှယ် တိုင်း၏ သဘောတူညီမှုဖြင့် ချမှတ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုတွင် အစည်းအဝေး

မှတ်တမ်းပြုစုရေးသားခြင်းအား အတွင်းရေးမှူးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပုံမှန်ထုတ်ပြန်ရန်၊ အသုံးစရိတ်ပါ ထည့်သွင်းတွက်ချက်ထားသော လုပ်ငန်းအစီအစဉ်တစ်ရပ်(Work Plan) ကို ရေးဆွဲရန်၊ အဖွဲ့၏လုပ်ငန်းအစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရေးအတွက် ပါဝင်ကြီးကြပ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဒေသများရှိ စီမံကိန်းများသို့ လိုအပ်သလို EITI စံသတ်မှတ်ချက်များနှင့်အညီ သတင်းအချက်အလက်များကို ကောက်ခံခြင်း၊ ကွင်းဆင်းစောင့်ကြည့် အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အဖွဲ့၏လုပ်ငန်စဉ်များအတွက် ရန်ပုံငွေရှာဖွေခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲမှုများကို တာဝန်ခံကြီးကြပ်ဆောင်ရွက်ရန်၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတွင် အဖွဲ့သည် ပြည်ထောင်စုအဆင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့်ညှိနှိုင်းချိတ်ဆက်၍ EITI ဆိုင်ရာ အမြင်ဖွင့်ခြင်း၊ စွမ်းရည်မြှင့်တင်မှုနှင့် အရည်အသွေးမြင့်မားရေးအတွက် လုပ်ဆောင်ချက်များကို EITI ၂၀၁၆ စံနှုန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

၅။ ပုဂ္ဂလိကကဏ္ဍမှ အတွင်းရေးမှူး ဦးတင်ရွှေ က လျော့နည်းရွှေများ ပေးသွင်းစေခြင်းနှင့်ပတ်သက်၍ ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များကိုယ်စား တင်ပြမည်ဖြစ်ပါကြောင်း၊ စာရင်းစစ်ချုပ်ရုံး၏ကန့်ကွက်ချက်အရ ပေါ်ပေါက်နေသော ရွှေကြွေးကျန်ရှိသည့် ကုမ္ပဏီများမှာ ဒေသခံ လုပ်ငန်းရှင်ငယ်များစုပေါင်းပိုင်ဆိုင်သော ကုမ္ပဏီများဖြစ်ပါကြောင်း၊ မဖြစ်မနေ ကုမ္ပဏီတည်ထောင်ရမည်ဖြစ်သောကြောင့် စုပေါင်းစပ်ပေါင်းဖွဲ့စည်းခဲ့ရသော ကုမ္ပဏီငယ်များဖြစ်ပါကြောင်း၊ Media များတွင် ဖော်ပြနေသကဲ့သို့ ခရိုနီများ၏ ကုမ္ပဏီများမဟုတ်ပါကြောင်း၊ စာရင်းစစ်ချုပ်ရုံးက လျော့နည်းရွှေပေးသွင်းခြင်းဟု သုံးနှုန်းဖော်ပြသည်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရွှေအကြွေးကျန်ဟု သုံးနှုန်းခြင်းဖြစ်ပါကြောင်း၊ ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ်တွင် မပါသည့် တစ်နှစ်လျှင် ရွှေ(၂၄)ကျပ်သား ပေးသွင်းရမည်ဟူသောအချက်အား မူတည်တွက်ချက်ခဲ့သောကြောင့် လျော့နည်းရွှေပေါ်ပေါက်ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၆ ခုနှစ်မတိုင်မီက အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့်ချုပ်ဆိုခဲ့သော လုပ်ငန်းသဘောတူစာချုပ်တွင် အပိုင်း(၂၉)ခုပါရှိပါကြောင်း၊ အပိုင်း(၁၁)တွင် ဖော်ပြထားသည်မှာ ထုတ်လုပ်ရရှိသောရွှေသတ္တုများမှ ဓာတ်သတ္တုခွန်(၅%)၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းက (၃၀%)၊ ကုမ္ပဏီက (၆၅%) စသည်ဖြင့် လစဉ်အချိုးကျ ခွဲဝေခံစားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်က ပေးသွင်းသော ရွှေပမာဏသည် (၃၅%) သာဖြစ်ပါကြောင်း၊ လက်ခံရရှိသော ရွှေဖက်စပ်လုပ်ငန်းများ ကြီးကြပ်ရေးရုံးအနေဖြင့် ကုမ္ပဏီမှ နိုင်ငံတော်သို့ (၃၅%) ရွှေပေးသွင်းမှုဟုသာ သတ်မှတ်ပြီးလက်ခံရရှိကြောင်း စာထုတ်ပေးပါကြောင်း၊ စာချုပ်ပါ အပိုင်း(၂၉)ခုစလုံးတွင် တစ်နှစ်လျှင် ရွှေ(၂၄)ကျပ်သား ပေးသွင်းရမည်ဟူသော စကားလုံးတစ်လုံးမျှ မပါရှိပါကြောင်း၊ သို့အတွက် ၂၀၀၆ ခုနှစ်မတိုင်မီက ချုပ်ဆိုခဲ့သော စာချုပ်များအရ လုပ်ကိုင်ခဲ့သော ရွှေလုပ်ကွက်များနှင့်ပတ်သက်၍ လျော့နည်းရွှေပေးသွင်းခြင်းများ မရှိနိုင်ပါကြောင်း၊ သို့ပါလျက် စာရင်းစစ်မှ စာချုပ်တွင်မပါဝင်သည့် တစ်နှစ်လျှင် ရွှေ(၂၄)ကျပ်သားနှုန်းဖြင့် တွက်ချက်ပြီး

လျော့နည်းရွှေပေးသွင်းရန် ဖော်ပြခြင်းမှာ သင့်လျော်မှုမရှိပါကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ရွှေလျော့နည်းပေးသွင်းမှုနှင့်စပ်လျဉ်း၍ စနစ်တကျ စိစစ်ခြင်းနှင့် လုပ်ငန်းရှင်များဘက်မှ တင်ပြသည်ကို ကြားနာမှုမရှိဘဲ ဝန်ကြီးဌာန၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်အတိုင်းသာ လျော့နည်းရွှေပြန်လည်ပေးသွင်းရန် တောင်းခံနေခြင်း၊ မပေးသွင်းပါက တရားရုံးတွင် အမှုဖွင့်အရေးယူမည်ဟု တစ်ဖက်သတ်ဆုံးဖြတ်ထားခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များမှလည်း တရားရုံးတွင် ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

၆။ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် ဦးကျော်သူရက တိုင်းဒေသကြီးအတွင်း ဓာတ်သတ္တုအသေးစားနှင့်လက်လုပ်လက်စားလုပ်ကွက်များ လျှောက်ထားလျက်ရှိရာတွင် တိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်ဖြစ်ကြောင်း ထောက်ခံချက်ပါရှိမှသာ လက်ခံဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အသင်းအနေဖြင့် ထိန်းချုပ်ရန်မဟုတ်ဘဲ စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပါသည်။

၇။ ပုဂ္ဂလိကကဏ္ဍမှ အရန်ကိုယ်စားလှယ် ဦးသန့်ဇင်ဦးက အစိုးရ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုရရှိသည့်ပစ္စည်း သို့မဟုတ် ငွေကြေး (IN KIND & IN CASH) နှင့်ပတ်သက်၍ LOST IN KIND & IN CASH ဖြစ်ပေါ်နေမှုများအပေါ် ပြန်လည်စိစစ်ပေးရန် လိုအပ်နေပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော EITI စံနှုန်းအရစာရင်းတိုက်ဆိုင်စစ်ဆေးရာတွင် IN KIND ရရှိမှုနှင့် IN CASH ဖော်ဆောင်မှုမှာ အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှာပါဝင်ပါကြောင်း၊ သို့မှသာ အစိုးရ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုရရှိသည့် ပစ္စည်း/ငွေကြေးများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ IN KIND ဆိုသည်မှာ အခဖြစ်ပါကြောင်း၊ အခွန်မဟုတ်ကြောင်း၊ Tax and Fee မှ Fee ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ Fee တွင် အခြားမှရရှိသော ရန်ပုံငွေများလည်း ပါဝင်ပါကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် IN KIND ရရှိသောကဏ္ဍများမှာ ရွှေ၊ ကြေးနီ၊ ကျောက်စိမ်း၊ ရေနံ၊ နီကယ် တို့ဖြစ်ပါကြောင်း၊ ကျောက်မီးသွေးမှာ EITI စိစစ်ချက်အရ Non In Kind ဟုသိရှိရပါကြောင်း၊ In Cash သာ သွင်းရသည်ဟု သိရှိရပါကြောင်း၊ IN KIND ဟုဆိုရာတွင် စာချုပ်စာတမ်းများအရ ချုပ်ဆိုထားသည့် သဘောတူညီချက်အပေါ် ပေးသွင်းရမည့်ငွေများလည်းပါဝင်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးအား လွှမ်းခြုံကြည့်မည်ဆိုပါက သတ္တုကဏ္ဍနယ်ပယ်အသီးသီးတွင် စနစ်တကျရှိနေပါကြောင်း၊ သို့ရာတွင် ခန္တီးရတနာနယ်မြေရှိ ကျောက်မျက်ကဏ္ဍအနေဖြင့် အောင်မြင်မှုမရရှိသေးကြောင်း၊ ခန္တီးရတနာနယ်မြေရှိ ကျောက်မျက်ကုမ္ပဏီများအနေဖြင့် IN KIND ရရှိမှုစာရင်း ထုတ်ပြန်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါကြောင်း၊ ကျောက်မျက်မရှိဘဲ ရွှေတူးဖော်နေသည်များကို တွေ့ရှိရသော်လည်း IN KIND ရရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် လေလွင့်ဆုံးရှုံးနေပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများက မည်သို့ Review လုပ်မည်၊ Reform လုပ်မည်ကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ SNU များအနေဖြင့် EITI Standard 7:4 အရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရေရှည်အကျိုးသက်ရောက်မှုခေါင်းစဉ်ပါ EITI စံနှုန်းများအား မိမိသဘောအလျောက် တိုးချဲ့ခြင်းနှင့် ဒေသစံပုံစံဖော်ဆောင်ခြင်းဖြစ်သည့် ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်

တွဲဖက်ယူနစ်များ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် လိုအပ်ပါကြောင်း၊ သို့မှသာ တရားမဝင် သစ်တူးဖော်မှု၊ LOSE IN KIND & LOSE IN CASH များ လျော့နည်းလာပြီး တရားဝင်ဇုန်ရေိယာများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေတောင့်တင်းမှသာ အစိုးရအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ တရားမဝင် ဆောင်ရွက်နေသူများအနေဖြင့်လည်း ဥပဒေ၏အသက်ဝင်မှုအပေါ် လေးစားနားလည်လာကြမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

၈။ ပုဂ္ဂလိကကဏ္ဍမှ အတွင်းရေးမှူး ဦးတင်ရွှေက လစဉ်ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) အစည်းအဝေး အသုံးစရိတ်များအား မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (National Coordination Secretariat-NCS) မှ ထုတ်ယူရန်အတွက် ကိုယ်စားလှယ်ရွေးချယ်ပေးရန် ရှင်းလင်းဆွေးနွေးပါသည်။

၉။ အစိုးရကဏ္ဍမှ ကိုယ်စားလှယ် ဦးဝင်းအောင်ညို (ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန) က ခရိုင်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန်အတွက် ခွင့်ပြုထားသည့် ကုမ္ပဏီ(၅၆)ခုအနက် ကြိုတင်ခွန်ပေးသွင်းထားသည့် ကုမ္ပဏီမှာ(၁၈)ခုသာရှိပြီး ကြိုတင်ခွန်လုံးဝပေးသွင်းခြင်းမရှိသည့် ကုမ္ပဏီမှာ(၃၈)ခုရှိပါကြောင်း၊ ကြိုတင်ခွန် ပေးသွင်းထားသည့် ကုမ္ပဏီ(၁၈)ခုမှာလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ပေးသွင်းထားခြင်းဖြစ်ကြောင်း၊ ကျန်ဘဏ္ဍာနှစ်များ၌ ပေးသွင်းထားခြင်းမရှိပါကြောင်း၊ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ရရှိပြီးဖြစ်သည့် ကျောက်စိမ်းကုမ္ပဏီအများစုမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းကြားရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)၌ အပြီးသတ်စည်းကြပ်မှုခံယူနေသည့် ကုမ္ပဏီများဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)နှင့် အခြားသက်ဆိုင်ရာအခွန်ရုံးများသို့ ကျောက်စိမ်းကုမ္ပဏီများ၏ အခွန်စည်းကြပ်မှုအခြေအနေအား သတင်းပို့စုံစမ်းထားဆဲ ဖြစ်ပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ (၁.၁၀.၂၀၁၈) ရက်နေ့မှ(၁၇.၅.၂၀၁၉)ရက်နေ့အထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပါသည်။

၁၀။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အတွင်းရေးမှူး ဦးငွေလင်း က တိုင်းဒေသကြီးအတွင်းရှိ ရေနံချက်ဖိုအရေအတွက်၊ နေရာဒေသ၊ ချထားပေးသည့် ရက်စွဲ၊ ပိုင်ရှင်အမည်နှင့် မည်သည့်လိုင်စင်စည်းကမ်းများချမှတ်၍ ကြီးကြပ်နေကြောင်းနှင့် အခွန်ရရှိကောက်ခံနေသည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်းတရားဝင်လိုင်စင်ချထားပေးသည့် သစ်စက်များ၊ အရေအတွက်၊ နေရာဒေသနှင့် ပိုင်ရှင်အမည်၊ ချထားပေးသည့်ရက်စွဲ၊ သတ်မှတ်ချက်လိုင်စင်စည်းကမ်းများ၊ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများရှိ ပုဂ္ဂလိက စိုက်ခင်းများအရေအတွက်၊ ဧက၊ ပိုင်ရှင်အမည်၊ ချထားပေးသည့်ရက်စွဲ၊ Working Plan အတိုင်းဆောင်ရွက်မှုရှိ/မရှိ ကြီးကြပ်ထားသည့်အစီရင်ခံစာများကို ပြန်ကြားပေးပါရန် ရှင်းလင်းဆွေးနွေးပါသည်။

၁၁။ အစိုးရကဏ္ဍမှ ကိုယ်စားလှယ် ဦးကျော်ဦး (တိုင်းရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) က ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ရေနံချက်ဖို အရေအတွက်၊ နေရာဒေသ၊ ချထားပေးသည့်ရက်စွဲ၊ ပိုင်ရှင်အမည်နှင့် လိုင်စင်စည်းကမ်းများကို ပေးပို့မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၁၂။ အစိုးရကဏ္ဍမှ ကိုယ်စားလှယ် ဦးသန်းစိုး ( ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန) က တိုင်းဒေသကြီးအတွင်း တရားဝင်လိုင်စင်ချထားပေးသည့် သစ်စက်များ၊ အရေအတွက်၊ နေရာဒေသနှင့် ပိုင်ရှင်အမည်၊ ချထားပေးသည့်ရက်စွဲ၊ သတ်မှတ်ချက် လိုင်စင်စည်းကမ်းများ၊ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများရှိ ပုဂ္ဂလိက စိုက်ခင်းများအရေအတွက်၊ ဧက၊ ပိုင်ရှင်အမည်၊ ချထားပေးသည့်ရက်စွဲ၊ Working Plan အတိုင်းဆောင်ရွက်မှုရှိ/မရှိ ကြီးကြပ်ထားသည့်အစီရင်ခံစာများကို ပေးပို့မည်ဖြစ်ပါကြောင်း၊ လိုအပ်ပါက ရုံးသို့လာရောက်၍ စာရင်းဇယားများ ရယူနိုင်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၁၃။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အတွင်းရေးမှူး ဦးငွေလင်း က တိုင်းဒေသကြီးအတွင်း အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေများပေါ်တွင် ပုဂ္ဂလိကစိုက်ခင်းများ အရေအတွက်၊ ဧက၊ ပိုင်ရှင်အမည်၊ ချထားပေးသည့်ရက်စွဲ၊ Working Plan အတိုင်း ဆောင်ရွက်မှုရှိ/မရှိ ကြီးကြပ်ထားသည့် အစီရင်ခံစာများကို ပေးပို့ပေးပါရန် ရှင်းလင်းဆွေးနွေးပါသည်။

၁၄။ အစိုးရကဏ္ဍမှ ကိုယ်စားလှယ် ဦးသန်းဝင်း (တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန) ကိုယ်စား ဦးဝင်းနိုင်စိုး (ဦးစီးအရာရှိ၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန) က တိုင်းဒေသကြီးအတွင်း အစိုးရ စီမံခန့်ခွဲခွင့်ရှိသောမြေများပေါ်တွင် ပုဂ္ဂလိကစိုက်ခင်းများ အရေအတွက်၊ ဧက၊ ပိုင်ရှင်အမည်၊ ချထားပေးသည့်ရက်စွဲ၊ Working Plan အတိုင်း ဆောင်ရွက်မှုရှိ/မရှိ ကြီးကြပ်ထားသည့် အစီရင်ခံစာများကို ပေးပို့မည်ဖြစ်ပါကြောင်း၊ လိုအပ်ပါက ရယူလိုသည့်စာရွက်စာတမ်းများအား ရုံးသို့လာရောက်ရယူနိုင်ပါကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးပါသည်။

၁၅။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အရန်ကိုယ်စားလှယ် ဒေါ်သွဲ့သွဲ့ဝင်း က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရှိ JIT အစည်းအဝေးမှတ်တမ်းများအား တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) သို့ ပေးပို့ရန် ရှင်းလင်းဆွေးနွေးပါသည်။

၁၆။ အစိုးရကဏ္ဍမှ အတွင်းရေးမှူး ဦးတင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က လက်ပံတောင်းတောင် ကြေးနီစီမံကိန်းရှိ JIT အစည်းအဝေးမှတ်တမ်းများအား တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) သို့ ပေးပို့ရန် အကြောင်းကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၁၇။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အတွင်းရေးမှူး ဦးငွေလင်း က တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ နောက်ဆုံးလုပ်ဆောင်ထားသည့် အခြေအနေများအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သို့ တင်ပြပေးရန် ရှင်းလင်းဆွေးနွေးပါသည်။

၁၈။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အတွင်းရေးမှူး ဦးငွေလင်း က တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) အစည်းအဝေးများအား သတ်မှတ်ထားသည့်အတိုင်း ပုံမှန်ကျင်းပနိုင်ရန်နှင့် ပုံမှန်ကျင်းပနိုင်သည့် အခြေအနေဖြစ်ရန် ရှင်းလင်းဆွေးနွေးပါသည်။

၁၉။ အစိုးရကဏ္ဍမှ အတွင်းရေးမှူး ဦးတင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) အစည်းအဝေးများအား အတတ်နိုင်ဆုံး လစဉ် ပုံမှန်ကျင်းပနိုင်ရန် စီမံဆောင်ရွက်ခဲ့သော်လည်း နာယကနှင့် အစိုးရဌာနဆိုင်ရာများ မအားလပ်သဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို နားလည်ပေးကြစေလိုကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၂၀။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ ကိုယ်စားလှယ် ဦးဘုန်းခန့်ဇော် က တရားမဝင်လုပ်ငန်းများတွင် အသုံးပြုလုပ်ကိုင်နေသည့် စက်ယန္တရားကြီးများဖြစ်သော ဘက်ဟိုးနှင့် သစ်တောပြုန်းတီးမှုများ အဓိကဖြစ်နေသော ချိန်းဆော (သို့မဟုတ်) စက်လွှများကို မည်သို့ တားဆီးအရေးယူဆောင်ရွက်နေကြောင်းနှင့် နှစ်စဉ် သယံဇာတမှရရှိသော အခွန်ဘဏ္ဍာစာရင်းများကို နှစ်အလိုက်ဖော်ပြပေးရန် ရှင်းလင်းဆွေးနွေးပါသည်။

၂၁။ အစိုးရကဏ္ဍမှ ကိုယ်စားလှယ် ဦးသန်းစိုး ( ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန) က ချိန်းဆော ခေါ် လက်ကိုင်စက်လွှများနှင့်ပတ်သက်၍ ခွင့်ပြုမိန့်မရှိဘဲ လက်ကိုင်စက်လွှကိုင်ဆောင်ခြင်းနှင့် ခွင့်ပြုထားသော လက်ကိုင်စက်လွှကိုင်ဆောင်သူများမှ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက သတ်မှတ်ထားသော သစ်တောဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် ခရိုင်/မြို့နယ်အဆင့် လက်ကိုင်စက်လွှစစ်ဆေးကြီးကြပ်ရေးကော်မတီများကို လုပ်ငန်းတာဝန်များသတ်မှတ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ အရောင်းဆိုင်များတွင် ရောင်းချနေခြင်းနှင့်ပတ်သက်၍ တိတိကျကျ သတင်းပို့တင်ပြပါက လာရောက်စစ်ဆေးအရေးယူပေးမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၂၂။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ အရန်ကိုယ်စားလှယ် ဦးအောင်ဆန်းမြင့် က ကလေးဝမြို့နယ်တွင် ကျောက်မီးသွေးလုပ်ကွက်များအား Sub Contract များ ချပေးထားမှုကြောင့် ပြဿနာများဖြစ်ပေါ်နေခြင်း ကိစ္စ၊ ခန္တီးမြို့နယ်၊ နန်စီပွန်ဒေသရှိ ကျောက်မျက်တူးဖော်လျက်ရှိသော ခိုင်နန်းရွှေ၊ ဇမ္ဗူသီရိ၊ အောင်ထီးဖြူ၊ မြောက်ကျွန်းသူမမ၊ ထက်ရည်လင်း၊ တာမြင့်ကုမ္ပဏီများသည် လုပ်ကိုင်ခွင့်ပြုထားသည့် ယန္တရား (ဘက်ဟိုး)

အရေအတွက်ထက် ကျော်လွန်အသုံးပြုနေခြင်းကိစ္စ၊ နန့်စီပွန်ဒေသတွင် ကျောက်မျက်တူးဖော်မှုကြောင့် နန့်စီပွန်ချောင်း တိမ်ကောခဲ့ရကြောင်း၊ ယခင်က နန့်စီပွန်ဒေသသို့ စက်လှေများဖြင့် သွားလာ၍ရသော်လည်း ယခုအချိန်တွင် စက်လှေဖြင့်သွား၍မရတော့ကြောင်း၊ (၂.၁.၂၀၁၇)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်၊ ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးထွန်းဝေ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းမင်းစိုးနှင့် ဒေသခံများသည် တာမြင့်ကုမ္ပဏီတွင် တွေ့ဆုံညှိနှိုင်းမှုပြုလုပ်ခဲ့ကြောင်း၊ ထိုတွေ့ဆုံပွဲတွင် နန့်စီပွန်ချောင်းကို ပြန်လည်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ဦးထွန်းဝေက ကတိပေးခဲ့သော်လည်း ယနေ့အချိန်အထိ ပြန်လည်တူးဖော်ပေးမှုမရှိခြင်းကိစ္စ၊ ခန္တီးမြို့နယ်အတွင်း ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရှင်သန်ရပ်တည်နိုင်ရေးအတွက် အသေးစားနှင့် လက်လုပ်လက်စား ရွှေသတ္တုတူးဖော်ရေးဇုန်များ သတ်မှတ်ခွင့်ပြု လုပ်ကိုင်ခွင့်ပေးနိုင်ရန်ကိစ္စ၊ ခန္တီးမြို့နယ်၊ နန့်စီပွန်ဒေသမှ ဖမ်းဆီးထားသော ကျောက်မျက်များကို မည်သည့်နေရာတွင် ထားရှိသည်၊ မည်သို့စာရင်းသွင်းထားခြင်းနှင့် တန်ဖိုးဖြတ်မှုများကို မည်သို့လုပ်ဆောင်နေသည်များကို သိရှိလိုကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

၂၃။ အစိုးရကဏ္ဍမှ အတွင်းရေးမှူး ဦးတင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က ကလေးဝမြို့နယ်တွင် ကျောက်မီးသွေးလုပ်ကွက်များအား Sub Contract များ ချပေးထားမှုကြောင့် ပြဿနာများဖြစ်ပေါ်နေခြင်းနှင့်စပ်လျဉ်း၍ တတိယအကြိမ် အစည်းအဝေးတွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ လာရောက်ရှင်းလင်းစေမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၂၄။ အစိုးရကဏ္ဍမှ ကိုယ်စားလှယ် ဦးထွန်းဝေ (လက်ထောက်အထွေထွေမန်နေဂျာ၊ ကျောက်စိမ်းတူးဖော်ရေးဌာန၊ စခန်းရုံး၊ ခန္တီးမြို့) က ခန္တီးမြို့နယ်၊ နန့်စီဘွန်ဒေသရှိ ကျောက်စိမ်းတူးဖော်ခွင့်ရကုမ္ပဏီများ အနေဖြင့် လုပ်ကိုင်ခွင့်ပြုထားသည့် ယန္တရားဘက်ဟိုးအရေအတွက် ကျော်လွန်အသုံးပြုခြင်းမရှိကြောင်း၊ လက်ရှိအသုံးပြုနေသော ဘက်ဟိုးယန္တရားနှင့် မြေသယ်ယာဉ်သုံးစွဲမှုအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ(သတ္တုရေးရာ)၏ (၄/၂၀၁၇)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ မော်လူး–မော်ဟန်(မိုးညှင်း)နှင့် ခန္တီးရတနာနယ်မြေတွင်(၁၀)ကေနှင့်အောက် လုပ်ကွက်အား ဘက်ဟိုး(၃)စီး၊ မြေသယ်ယာဉ်(၁၀)စီး၊ (၁၀)ကေနှင့် (၃၀)ကေကြားလုပ်ကွက်အား ဘက်ဟိုး(၄)စီးနှင့် မြေသယ်ယာဉ်(၁၆)၊ (၃၀)ကေနှင့်အထက်လုပ်ကွက်အား ဘက်ဟိုး(၆)စီးနှင့် မြေသယ်ယာဉ်(၂၅)စီး သုံးစွဲခွင့်ပြုခဲ့ကြောင်း၊ သုံးစွဲခွင့်ပြုထားသည့် စက်ယန္တရားများအား ပိုမိုသုံးစွဲခြင်းမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခန္တီးရတနာနယ်မြေအတွင်း တရားမဝင်ရေမဆေးကျူးကျော်မှုကြောင့် ၂၀၁၆ ခုနှစ်၊ မေလမှစ၍ လုပ်ငန်းများရပ်နားခဲ့ရကြောင်း၊ လုပ်ငန်းများ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုရာ၌ လုပ်ကိုင်ခွင့်ရကုမ္ပဏီများ၏ ယာဉ်၊ ယန္တရားများကို စစ်ဆေး၍ ကုမ္ပဏီအလိုက် လုပ်ကိုင်ခွင့်ကတ်ပြားများ ထုတ်ပေးထားမှုစာရင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ထားပြီး

ဖြစ်ကြောင်း၊ ထိုကဲ့သို့ တင်ပြချိန်တွင် ခန္တီးရတနာနယ်မြေ၌ ကုမ္ပဏီ(၅၇)ခုရှိသော်လည်း အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီ(၅၀)မှသာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး သက်တမ်းရှိလုပ်ကွက်များ အလိုက် ခွင့်ပြုသည့်ဘက်ဟိုး(၃၂၄)စီးတွင် အမှန်တကယ်အသုံးပြုမှုမှာ (၁၂၇)စီးသာရှိသဖြင့် (၃၉.၁၉%) သာ သုံးစွဲထားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ သုံးစွဲခွင့်ပြုသည့် မြေသယ်ယာဉ်(၁၂၆၄)စီးတွင် အမှန်တကယ် အသုံးပြုသည့် မြေသယ်ယာဉ်(၃၅၄)ရှိသဖြင့် (၂၈.၀၁%)သာ သုံးစွဲထားပါကြောင်း၊ ခိုင်နန်းရွှေကျောက်မျက် ကုမ္ပဏီတွင် သက်တမ်းရှိလုပ်ကွက်(၁၇)ကွက်၊ ဘက်ဟိုး(၄)စီးနှင့် မြေသယ်ယာဉ်(၁၃)၊ ဇမ္ဗူသီရိကျောက်မျက် ကုမ္ပဏီတွင် သက်တမ်းရှိလုပ်ကွက်(၃၉)ကွက်၊ ဘက်ဟိုး(၃)စီးနှင့် မြေသယ်ယာဉ်(၉)စီး၊ အောင်ထီးဖြူ ကျောက်မျက်ကုမ္ပဏီတွင် သက်တမ်းရှိလုပ်ကွက် (၁၃)ကွက်၊ ဘက်ဟိုး(၃)စီးနှင့် မြေသယ်ယာဉ်(၁၀)စီး၊ မြောက်ကျွန်းသူမမကျောက်မျက်ကုမ္ပဏီတွင် သက်တမ်းရှိလုပ်ကွက်(၇)ကွက်၊ ဘက်ဟိုး(၃)စီးနှင့် မြေသယ် ယာဉ်(၈)စီး၊ ထက်ရည်လင်းကျောက်မျက်ကုမ္ပဏီတွင် သက်တမ်းရှိလုပ်ကွက်(၄)ကွက်၊ ဘက်ဟိုး(၃)စီးနှင့် မြေသယ်ယာဉ်(၈)စီး၊ တာမြင့်ကျောက်မျက်ကုမ္ပဏီတွင် သက်တမ်းရှိလုပ်ကွက်(၉)ကွက်၊ ဘက်ဟိုး(၂)စီးနှင့် မြေသယ်ယာဉ်(၄)စီးသာ သုံးစွဲထားကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၂၅။ နန်စီပွန်ဒေသတွင် ကျောက်မျက်တူးဖော်ခြင်းကြောင့် နန်စီပွန်ချောင်းတိမ်ကောခဲ့ခြင်းနှင့် ပတ်သက်၍ ခန္တီးရတနာနယ်မြေတွင် ၂၀၁၆ ခုနှစ် မေလကုန်မှစ၍ တရားမဝင်ရေးမဆေးများ လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများ၏ လုပ်ကွက်များတွင် ကျူးကျော်တူးဖော်ခြင်း၊ ကုမ္ပဏီများ၏ ကျောက်ကြောပါမြေစာပုံများကို အဓမ္မတူးဖော်ရှာဖွေခြင်း၊ ကုမ္ပဏီပိုင် စက်ယန္တရားများ ပျက်စီးဆုံးရှုံးခြင်း၊ ကုမ္ပဏီလုပ်သားများအား ထိခိုက် နာကျင်စေခြင်းတို့ကို ဥပဒေမဲ့လုပ်ရပ်များဖြစ်ပေါ်ခဲ့ရသဖြင့် နန်စီပွန်ဒေသ တရားဥပဒေစိုးမိုးရေးအတွက် အမှတ်(၁၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကြီးဇေယျာကျော်ဦးစီး(၈+၁၁၇) စုစုပေါင်း (၁၂၅)ဦးကို (၂၃.၁၂.၂၀၁၆) ရက်နေ့တွင် နန်စီပွန်ဒေသအတွင်းသို့ စေလွှတ်ခဲ့ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် (၂.၁.၂၀၁၇) ရက်နေ့တွင် တရားမဝင်ရေမဆေးများကို ရှင်းလင်းဖယ်ရှားရန်အတွက် တာမြင့်ကုမ္ပဏီတွင် ဒေသခံများနှင့် ရေမဆေး များအား နှစ်သိမ့်ဆွေးနွေးရန်အတွက်သာ သွားရောက်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီများရပ်နားထားသဖြင့် နန်စီပွန်ချောင်းရှင်းလင်းရေးအတွက် ကတိပေးခဲ့ခြင်းမရှိကြောင်း၊ (၆.၃.၂၀၁၉) ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခန္တီးမြို့ခရီးစဉ်၊ လူထုတွေ့ဆုံပွဲတွင် ဦးအောင်ဆန်းမြင့်၏ တင်ပြချက်အပေါ် အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီးဖြစ်ပါ ကြောင်း၊ ၂၀၁၉ ခုနှစ်၊ မိုးရာသီတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ လုပ်ငန်းရပ်နားမှု မတိုင်မီ ချောင်းရှင်းလင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၂၆။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ ကိုယ်စားလှယ် ဦးတင့်အောင်စိုး က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတစ်ခုလုံး၏ အလုပ်သမား ဖွဲ့စည်းပုံဇယားအား အများပြည်သူသိရှိအောင် တရားဝင်ဖော်ပြပေးရန်ကိစ္စ၊ မြန်မာယန်စီကော့ပါးလီမိတက်မှ တစ်နှစ်လျှင် ကြေးနီတန်ချိန် မည်မျှထုတ်မည်ကို အစိုးရထံ တင်ပြထားရှိမှုနှင့် လက်ရှိအမှန်တကယ်ထုတ်လုပ်နေသည့် ပမာဏ၊ စာရင်းဇယား၊ ထုတ်လုပ်နေသည့်စက်ရုံအရေအတွက်၊ စက်ရုံတစ်ခုချင်းစီက ထုတ်လုပ်နေသောကြေးနီတန်ချိန်တို့ကို ဖော်ပြပေးရန်ကိစ္စနှင့် ကြေးနီစီမံကိန်းများတွင် အက်စစ်ဖြန်းသည့်နည်းစနစ်ကို အသုံးပြုနေခြင်းကြောင့် ပတ်ဝန်းကျင်ကျေးရွာများသို့ အက်စစ်ငွေ့များ ပျံ့နှံ့နေခြင်းနှင့်ပတ်သက်၍ ESIA အစီရင်ခံစာအပေါ် မလိုက်နာခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မည်သို့ဆောင်ရွက်မည်တို့ကို သိရှိလိုပါကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

၂၇။ အစိုးရကဏ္ဍမှ အတွင်းရေးမှူး ဦးတင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းတစ်ခုလုံး၏ အလုပ်သမား ဖွဲ့စည်းပုံဇယားအား အများပြည်သူသိရှိအောင် တရားဝင်ဖော်ပြပေးရန်ကိစ္စနှင့် မြန်မာယန်စီကော့ပါးလီမိတက်မှ တစ်နှစ်လျှင် ကြေးနီတန်ချိန် မည်မျှထုတ်မည်ကို အစိုးရထံ တင်ပြထားရှိမှုနှင့် လက်ရှိအမှန်တကယ်ထုတ်လုပ်နေသည့် ပမာဏ၊ စာရင်းဇယား၊ ထုတ်လုပ်နေသည့်စက်ရုံအရေအတွက်၊ စက်ရုံတစ်ခုချင်းစီက ထုတ်လုပ်နေသောကြေးနီတန်ချိန်တို့ကို ဖော်ပြပေးရန်ကိစ္စနှင့်နှင့်စပ်လျဉ်း၍ တတိယအကြိမ် ကျင်းပပြုလုပ်မည့် တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU)အစည်းအဝေးတွင် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ လာရောက်ရှင်းလင်းစေမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

၂၈။ အစိုးရကဏ္ဍမှ ကိုယ်စားလှယ် ဦးသိန်းဌေး (ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန) က ကြေးနီစီမံကိန်းများတွင် အက်စစ်ဖြန်းသည့်နည်းစနစ်ကို အသုံးပြုနေခြင်းကြောင့် ပတ်ဝန်းကျင်ကျေးရွာများသို့ အက်စစ်ငွေ့များ ပျံ့နှံ့နေခြင်းနှင့်ပတ်သက်၍ ESIA အစီရင်ခံစာအပေါ် မလိုက်နာခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်နေခြင်းနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အခြေအနေအား ကွင်းဆင်းစစ်ဆေးပြီးပါက အစီရင်ခံစာပေးပို့မည်ဖြစ်ကြောင်း၊ စီမံကိန်းအနီးရှိ ကျေးရွာများက ရေတွင်းများကို စစ်ဆေးလိုပါက ဒေသခံများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ စစ်ဆေးစေလိုသည့် ရေတွင်းများစာရင်းပေးပို့ရန်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

## နိဂုံးချုပ် အမှာစကားပြောကြားခြင်း

၂၉။ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ နာယက (ဝန်ကြီး၊ ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့) က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ **(SNU)** ၏ ဒုတိယအကြိမ်အစည်းအဝေးသို့

တက်ရောက်လာကြသည့် ကဏ္ဍအလိုက် ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြသည့်အတွက် အလွန်အားရကျေနပ်စရာ ကောင်းပါကြောင်း၊ တချို့အချက်တွေအနေနဲ့ ကိုယ်စားလှယ်များ ရယူလိုသည့်စာရင်းများကို ယခုကဲ့သို့ အစည်းအဝေးတွင် တင်ပြမနေဘဲ သက်ဆိုင်ရာကဏ္ဍ အတွင်းရေးမှူးများကတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြနိုင်ပါကြောင်း၊ နာယက အနေဖြင့် ကိုယ်စားလှယ်များ၏တင်ပြချက်ကို ဝန်ကြီးချုပ်၏ လမ်းညွှန်မှုကိုခံယူပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ကြရာမှာ EITI ရဲ့ အခြေခံမူ (၁၂)ချက်အတိုင်း ဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုကိုပေးစွမ်းနိုင်သော တွင်းထွက်သယံဇာတကဏ္ဍအား အပြုသဘောဆောင်ပြီး အထောက်အပံ့ပေးခြင်းအားဖြင့် အစိုးရကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ရာတွင် လုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး EITI စံနှုန်းများနှင့်မူဘောင်များကို အပြည့်အဝအကောင်အထည်ဖော်ခြင်း၊ လွှမ်းခြုံပါဝင်အောင် ဆောင်ရွက်ခြင်းဖြင့် သယံဇာတစီမံအုပ်ချုပ်မှုကို တိုးတက်အားကောင်းစေကာ နိုင်ငံတော်၏ တွင်းထွက်သယံဇာတကဏ္ဍကို အတိုင်းအတာတစ်ခုအထိ သဘောပေါက်သိရှိစေနိုင်မှာ ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကဏ္ဍအလိုက် ကိုယ်စားလှယ်များ အစုအဖွဲ့များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ၏ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် ပြောကြားပါသည်။

**ဆုံးဖြတ်ချက်များ**

**၃၀။ အစည်းအဝေးမှ အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ကြပါသည်-**

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| (က) | **နှစ်အလိုက် လျော့နည်းရွှေနှင့်ပတ်သက်၍ တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ကြည့်ရန်၊** | **ကိုယ်စားလှယ်အားလုံး** |
| ( ခ) | **ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ကွက်များ လျှောက်ထားရာတွင် တိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်ဖြစ်ကြောင်း ထောက်ခံချက်ပါရှိမှသာ လက်ခံဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) အနေဖြင့် သီးခြားဆွေးနွေးရန်၊** | **ကိုယ်စားလှယ်အားလုံး** |
| ( ဂ) | In Kind & In Cash **ကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ရန်၊** | **ကိုယ်စားလှယ်အားလုံး** |

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| (ဃ) | ပထမအကြိမ် SNU အစည်းအဝေးဆုံးဖြတ်ချက်များကို အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှတာဝန်ယူ၍ Work Plan ရေးဆွဲပြီး အတွင်းရေးမှူးအဖွဲ့မှတစ်ဆင့် SNU ၏ အတည်ပြုချက်ရယူ၍ NCS သို့ပေးပို့ရန်၊ | အတွင်းရေးမှူး အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ |
| ( င) | ခန္တီးရတနာနယ်မြေကို ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်၍ မြေအမျိုးအစား ပြန်လည်သတ်မှတ်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်၊ | ကိုယ်စားလှယ်အားလုံး |
| ( စ) | Mining Scoping သီးခြားဆွေးနွေးရန်၊ | ကိုယ်စားလှယ်အားလုံး |
| (ဆ) | လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ JIT အစည်းအဝေးမှတ်တမ်းများကို SNU သို့ပေးပို့ရန်အတွက် အကြောင်းကြားရန်၊ | အတွင်းရေးမှူး အစိုးရကဏ္ဍ |
| ( ဇ) | SNU အစည်းအဝေးများကို လစဉ် ပုံမှန်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ | ကိုယ်စားလှယ်အားလုံး |
| ( ဈ) | ကလေးဝမြို့နယ်ရှိ ကျောက်မီးသွေးလုပ်ကွက်များတွင် Sub Contract များ ဆောင်ရွက်နေခြင်းနှင့်စပ်လျဉ်း၍ တတိယအကြိမ်အစည်းအဝေးတွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ လာရောက်ရှင်းလင်းရန်၊ | အမှတ်(၁)သတ္တုတွင်း လုပ်ငန်း |
| (ည) | ခန္တီးမြို့နယ်တွင် ကျောက်မျက်ကုမ္ပဏီများအနေဖြင့် ဘက်ဟိုးများကို သတ်မှတ်အရေအတွက်ထက် ကျော်လွန်သုံးစွဲနေခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့ပေါင်းစုံဖွဲ့စည်းပြီး ပြန်လည်စိစစ်ပေးရန်၊ | လုံးခင်း/ဖားကန့် တူးဖော်ရေးဌာန ခန္တီးစခန်းရုံး၊ ခန္တီးမြို့ |
| ( ဋ) | ဥပဒေနှင့်မညီသော မြေလွတ်မြေလပ်လုပ်ပိုင်ခွင့်များ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ Working Plan အတိုင်း လုပ်ကိုင်ဆောင်ရွက်မှုမရှိသည်များကို အထူးအဖွဲ့ဖြင့်စစ်ဆေး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်၊ | တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာန |
| ( ဌ) | လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရှိ နိုင်ငံသား၊ နိုင်ငံခြားသားအလုပ်သမားဖွဲ့စည်းပုံဇယားကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ တတိယအကြိမ်(SNU) အစည်းအဝေးတွင်စာရင်းဇယားနှင့်တကွ လာရောက်ရှင်းလင်းဖြေကြားရန်၊ | မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် |
| ( ဍ) | ထီးချိုင့်မြို့နယ်၊ နီကယ်စီမံကိန်းရှိ နိုင်ငံသား၊ နိုင်ငံခြားသား အလုပ်သမား၊ ဖွဲ့စည်းပုံဇယားများကို တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာနမှ ပေးပို့ရန်၊ | တိုင်းဒေသကြီးပြည်တွင်း အခွန်များဦးစီးဌာန |

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| (ည) | မြန်မာယန်စီကော့ပါးလီမိတက်မှ တစ်နှစ်လျှင် ကြေးနီတန်ချိန် မည်မျှထုတ်လုပ်မည်၊ အမှန်တကယ်ထုတ်လုပ်နေသည့် ပမာဏ၊ စာရင်းဇယား၊ စက်ရုံအရေအတွက်၊ စက်ရုံတစ်ခုချင်းစီမှ ထုတ်လုပ်နေသော ကြေးနီတန်ချိန်တို့ကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ တတိယအကြိမ်(SNU) အစည်းအဝေးတွင် စာရင်းဇယားနှင့်တကွ လာရောက်ရှင်းလင်းဖြေကြားရန်၊ | မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် |
| (ဋ) | ကြေးနီစီမံကိန်းများတွင် အက်စစ်ဖြန်းသည့်စနစ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကွင်းဆင်း စစ်ဆေး၍ အစီရင်ခံစာတင်ပြရန်၊ | တိုင်းဒေသကြီးပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန |
| (ဌ) | နောင်ကျင်းပမည့် SNU အစည်းအဝေးများတွင် ကိုယ်စားလှယ် အားလုံး စုံညီစွာတက်ရောက်ရန်နှင့် ဆွေးနွေးချက်များအပေါ် ပြန် လည်ရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရန်။ | ကိုယ်စားလှယ်အားလုံး |

အစည်းအဝေး ပြီးစီးခြင်း

၃၀။ အစည်းအဝေး (၁၆:၃၀) နာရီတွင် ပြီးစီးပါသည်။

27.5.2019

မှတ်တမ်းတင်သူ

( ငွေလင်း၊ အတွင်းရေးမှူး-အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ)

စာအမှတ်၊ ၃/ ၆ – ၃ (၉၆) / မူဝါဒ

ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ မေလ 27 ရက်

ဖြန့်ဝေခြင်း

ကိုယ်စားလှယ်အားလုံး၊ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့